# တစ်ကျော့ပြန် အသင်းတော်နှင့် အီတာလီယန် (၁၃၉၉–၁၅၉၉)



ဘာတီကန် စီတီ စိန့်ပီတာ၏ ဘက်စီလ်လီကာမှ မိုက်ကယ်လ်အင်ဂျလို၏ ပွီတာ Michelangelo's *Pwietà*

တကျော့ပြန် ကာလသည် ကြီးမားစွာ ယဉ်ကျေးမှု ကူးလူးဆက်ဆံ ထိစပ်မှုရှိသော ကာလဖြစ်၍၊ အီတလီအား တော်ဝင်အဖြစ် အသားကျပြီသားနှင့် ကုန်ကူးသန်းရောင်းဝယ်ခြင်းဖြင့် ဥစ္စာခနတိုးပွားနေသော နိုင်ငံအဖြစ် အမှတ်သညာ ပြုထားသော ကာလ ဖြစ်ပေသည်။ ရောမမြို့တော်၊ ပုပ်ရဟန်မင်းဆိုင်ရာ များနှင့်၊ ပုပ်ရဟန်းမင်း ရာဇပလ္လင်တော် အားလုံးသည် တစ်ကျော့ပြန် စန်းထခြင်း၌ တိုက်ရိုက် သက်ရောက်မှု ရှိပေသည်။ တစ်ဘက် တွင် ၎င်းသည် အနုပညာလက်ရာများ ကြီးစိုးလျှက် ဗိသုကာလက်ရာများ ထင်ရှားကျော်ဇောသော ခေတ်ကြီး ဖြစ်ပေသည်။ ထိုလက်ရာများတွင် အသင်းတော်မှ ခွင့်လွှတ်ချမ်းသာပေးသော မိုက်ကယ်လ် အင်ဂျလို Michelangelo၊ ဘရူနဲ လက်စ်ချီ Brunelleschi၊ ဘရန်မ်မင်တီ Bramante၊ ရဲ့ပ်ဟီးလ် Raphael၊ ဖရာ အင်ဂျလစ်ကို Fra Angelico၊ ဒိုနိုတ်တယ်လို Donatello နှင့် ဒါ ဗင်စီ da Vinci တို့၏ပုံများ ပါဝင်ပေသည်။ အခြား တစ်ဘက်တွင် အီတလီ လူဂုဏ်တန် မိသားစုများက ပုပ်ရဟန်းမင်းဆိုင်ရာ အပါအဝင် ပုပ်ရဟန်း ရုံး တော်အား မကြာခဏ ကာကွယ်ပေးလေ့ရှိပေသည်။ ၎င်းတို့ အဖွဲ့ဝင်များမှာ အလက်ဇန်ဒြား (၆) Alexander VI နှင့် စစ်တ်တာ့စ်ပ် (၄) Sixtus IV ကဲ့သို့ ကိုယ်ကျင့်တရား ပျက်ပြားသည်ဟု ကျော်ကြားသူများလည်း ပါဝင် ပေသည်။

ထပ်လောင်း၍ အသင်းတော်၏ ဦးစီးခေါင်းဆောင်ဖြစ်သော ပုပ်ရဟန်းမင်းသည် အီတလီ၏ အရေးအပါဆုံးသော လောကီခေါင်းဆောင်များ အနက်မှ တစ်ဦးလည်း ဖြစ်လာခဲ့ပေသည်။ ထို့အပြင် ဂျူလီယာ့စ် (၂) Julius II ကဲ့သို့ ပုပ်ရဟန်းမင်းများက သူတို့၏ လောကီနယ်ပယ် ပိုင်ဆိုင်မှုများအား ကာကွယ်ရန်နှင့် ဆန့်ထုတ်ရန် အတွက် မကြာခဏ တောင်းဆို ဝါဒဖြန့်ချီမှုများ ပြုလုပ်ခဲ့ပေသည်။ ထိုထက်ပို၍ ပုပ်ရဟန်းများသည် ဝိဉာဏရေး ရာ သန့်စင်မှုများအတွက် အခြားသော အလဟာသ စီးဇိမ်ယစ်မူးနေသော အီတလီ နယ်ပိုင်များနှင့် ပြိုင်ဆိုင်ရုံမျှ မက လူထု လုပ်ငန်းဆောင်တာများ ဖြစ်သည့် ကျောင်းကန်ဘုရားများ၊ တံတာများ ဆောက်လုပ် မွမ်းမံခြင်း၊ ရောမတွင် ယနေ့ထိ အသုံးဝင်နေသေးသော အံ့ချီးလောက်သည့် ရေသွယ်တံတား စနစ်အား တည်ဆောက် ခြင်းများ ပြုလုပ်ကြပေသည်။ ထိုကာလအတောအတွင်းတွင် ရှေးဟောင်း ကွန်စတန်တိန်နီယန်း ဘက်ဆယ် လီကာ ဆိုက်၌ အသိအမှတ်အပြုဆုံး ဘုရားကျောင်းဖြစ်သည့် စိန့် ပီတာ ၏ ဘက်ဆယ်လီကာ အား တည် ဆောက်သော အချိန်လည်း ဖြစ်ပေသည်။ အလားတူပင် အသင်းတော်အား သြဇာသက်လာမည့် ဂရိယဉ် ကျေးမှု ပညာရပ်များဖြစ်သည့် နိုင်ငံရေးသိပ္ပံ၊ ဒသနပညာ၊ ကဗျာသီကုံးမှုပညာ၊ နာမ်ပိုင်ဆိုင်ရာကို အားပေး သော လူသားဝါဒ ပညာရပ်များကို လေ့လာရန် လမ်းဖွင့်ပေးသော ကာလလည်း ဖြစ်ပေသည်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com